

EAST-WEST SEED FOUNDATION

**KNOWLEDGE TRANSFER**




MYANMAR

## သီးနှံစိုက်ပျိုးမှုလမ်းညွှန်

# ထပ်တစ်ရာပန်း


## ● မြေပြုပြင်ခြင်း-စိုက်ဘောင်ပြုလုပ်ခြင်း

» စိုက်ဘောင်ကြားရှိမြောင်းငယ်သည် ရေသွင်းရေထုတ် လွယ်ကူစေရန် ထောက်ပံ့ကူညီပေးသည်။
» ပေါင်းမြက်များရှင်သန်ကြီးထွားမှုလျှော့ချရန်နှင့် အစိုဓာတ်ကိုထိန်းသိမ်းရန် ပလပ်စတစ် (သို့) သဘာဝဖြစ်သော ကောက်ရိုး အစရှိသည့် ပစ္စည်းများကိုလည်း ဖုံးအုပ်စိုက်ပျိုးနိုင်ပါသည်။
» စိုက်ပြီး ၈-၁၀ ရက်ခန့်တွင် အပင်များတောင့်တင်းခိုင်မာစေရန် ဝါးတိုင်စိုက်ပေးပါ။
» တစ်ဧကအပင်ဦးရေ ၆၇၀၀-၁၃၅၀၀ (အသုံးပြုသောမျိုးနှင့် ရာသီဥတုပေါ် မူတည်၍ အပင်အရေအတွက်ကို ချိန်ညှိလုပ်ဆောင်ပါ)



# ● ပျိုးပင်လေးများ ထုတ်လုပ်ခြင်း

◆ ပျိုးမြေပြင်ဆင်ခြင်း-ပျိုးမြေများကို (၁၀)မိနစ်ခန့် အပူပေးခြင်း (သို့မဟုတ်) ပလပ်စတစ်အိတ် အနက်ထဲသို့ထည့်ကာ နေရောင်အောက်တွင် နေ့ဝက်ခန့် ထားပေးရမည်။ ခေတ္တအအေးခံ၍ ပျိုးဘန်းထဲသို့ထည့်ပါ။





◆ မျိုးစေ့ စိုက်ပျိုးခြင်းနှင့် ပျိုးပင်များအား ဘေးအန္တရာယ်များမှ ကာကွယ်ခြင်း





◆ အစိုဓာတ် လုံလောက်စွာ ထားရမည်။




◆ ရွှေ့စိုက်မီ ၂-၃ ရက်အလိုတွင် ပျိုးပင်လေးများ အကြမ်းခံလာစေရန် ရေဖြတ်ပေးခြင်း၊ နေရောင်နှင့် ပိုမိုထိတွေ့ပေးခြင်းများ ပြုလုပ်ပေးသင့်ပြီး မွန်းလွဲပိုင်းတွင် ပျိုးပင်များကိုရွှေ့ပြောင်း စိုက်ပါ။



## ● မြေဩဇာ အသုံးပြုခြင်း




မြေဩဇာပမာဏသည် သီးနှံပင်၏သင့်တော်သောအာဟာရလိုအပ်မှုနှင့် တစ်ဧက အပင်ဦးရေ ၁၀၇၀၀ ပင် ပေါ်တွင် အခြေခံထားသည်။ မြေဩဇာကျွေးရာတွင် သီးနှံပင်ကြီးထွား မှုအဆင့်၊ မြေဆီလွှာအခြေအနေနှင့် ရာသီဥတုပေါ်မူတည်၍ ချိန်ညှိဆောင်ရွက်ပါ။

## ● ဘက်စုံပိုးမွှားရောဂါစီမံခန့်ခွဲမှု



» အင်းဆက်ပိုးမွှားများကျရောက်မှုကို စစ်ဆေးထောက်လှမ်းရန်နှင့် အစုလိုက်အပုံလိုက်ဖမ်းရန် စေးကပ် ထောင်ချောက်များအသုံးပြုပါ။






ရောဂါပျံ့ပွားခြင်းမှကာကွယ်ရန် ကွင်းထဲရှိရောဂါရှိသောအပင်များ၊ သီးနှံပင်ဟောင်းများနှင့် ပေါင်းမြက်များကိုဖယ်ရှား၍ ဖျက်ဆီးပါ။
ရွှေ့စိုက်ပြီး ၁၀-၁၂ ရက် သို့မဟုတ် အဆစ် ၅ ဆစ်ထွက်ပြီးနောက် ခေါင်ညွှန့်နှိမ်ပေးရမည်။



သီးလှည့်စိုက်ပျိုးခြင်းအားဖြင့် ရောဂါပိုးမွှားများစုပုံကျရောက်ခြင်းကို တားဆီးရုံမက မြေဆီဩဇာကိုလည်း ထက်သန်စေသည်။

# ● ဘက်စုံပိုးမွှားရောဂါစီမံခန့်ခွဲမှုနှင့် ပိုးသတ်ဆေးများကိုဘေးကင်းလုံခြုံစွာ အသုံးပြုခြင်း

» ခံနိုင်ရည်ရှိမှု အန္တရာယ်မှကာကွယ်ရန် ပိုးသတ်ဆေးအုပ်စုများကိုအလှည့်ကျသုံးစွဲပါ။

» ပိုးသတ်ဆေးအညွှန်းများကိုသေချာစွာ ဖတ်ရှု၍အညွှန်းပါအတိုင်း အသုံးပြုပါ။(သတ်မှတ်ထားသောသီးနှံ နှင့် ပိုးမွှားရောဂါ)

## ကျရောက်နိုင်သော ပိုးမွှားများ


ပျ


ယင်ဖြူ


လောက်ကောင်


ရွက်ထွင်းပိုး


မွှားပင့်ကူနီ

| ဆေးအစစ် | ဆေးအာနိသင် | ပြုမှုဆောင်ရွက်ပုံ | ပျ | ယင်ဖြူ | လောက်ကောင် | ရွက်ထွင်းပိုး | မွှားပင့်ကူနီ |
|---|---|---|---|---|---|---|---|
| လမ်ဒါဆိုင်ပေလိုသရင် (Lambda-cyhalothrin) | 3A | SC | ✔ | ✔ | ✔ | ✔ | ✔ |
| ဒိုင်နိုတီဖြူရမ် (Dinotefuran) | 4A | S | ✔ | ✔ | | ✔ | |
| စပိုင်နိုစက် (Spinosad) | 5 | S | | | ✔ | ✔ | |
| စပိုင်နီတိုရမ် (Spinetoram) | 5 | SC | | | ✔ | ✔ | |
| အဘာမက်တင် (Abamectin) | 6 | Slight S(အနည်းငယ်သော ပင်လုံးပြန့် အာနိသင်) | | | ✔ | ✔ | ✔ |
| သိုင်အိုဆိုင်ကလမ်အောက်ဆဲလ်လိတ် (Thiocyclam oxalate) | 14 | SC | ✔ | ✔ | | ✔ | |
| ကလိုရိုထရမ်နေလီပရိုးလ်(Chlorantraniliprole) | 28 | S | | | ✔ | | |
| ဖလူဘမ်ဒိုင်ယာမိုက် (Flubendiamide) | 28 | S | | | ✔ | | |
| ဘက်စီးလပ် သုရိဂျီအန်းစစ် (Bacillus thuringiensis) | 11A | C | | | ✔ | | |
| အဇာဒီရာခ်ိင်တင်(တမာစစ်ထုတ်ရည်) (Azadirachtin (neem extract)) | UN | မသိနိုင်သော | ✔ | ✔ | ✔ | ✔ | ✔ |

*IRAC* ကိုအခြေခံထားသော ဆေးအုပ်စု(ဆေးပြုမှုဆောက်ရွက်ပုံ)၊ *SC* (စားသေ+ ထိသေ)၊ *S* (ပင်လုံးပြန့်ပိုးသတ်ဆေး)

## ကျရောက်နိုင်သော ရောဂါများ


ဘက်တီးရီးယားပင်ညှိုးရောဂါ


အော်တာနေရီးယားရွက်ပြောက်ရောဂါ


ဖားဥမှိုရောဂါ


ပန်းပွင့်ပုပ်မှိုရောဂါ

| ဆေးအစစ် | ဆေးအာနိသင် | ပြုမှုဆောင်ရွက်ပုံ | မှတ်ချက် | ဘက်တီးရီးယားပင်ညှိုးရောဂါ | အော်တာနေရီးယားရွက်ပြောက်ရောဂါ | ဖားဥမှိုရောဂါ | ပန်းပွင့်ပုပ်မှိုရောဂါ |
|---|---|---|---|---|---|---|---|
| ကော့ပါးအခြေခံ မှိုသတ်ဆေးများ (Copper-based Fungicides) | M 01 | P | ဘက်တီးရီးယားရောဂါများအတွက် - လိုအပ်မှသာလျှင်အသုံးပြုပါ။ ခံနိုင်ရည်ရှိမှုအန္တရာယ်များကိုရှောင်ရှား နိုင်ရန် သတ်မှတ်ထားသောနှုန်းထားအတိုင်း အသုံးပြုပါ။ ပိုမသုံးပါနှင့်။ | ✔ | ✔ | ✔ | ✔ |
| ကလိုရိုသာရိုနေးလ် (Chlorothalonil) | M 05 | P | | ရောဂါကင်းသောမျိုးပင်များ(သို့) ခံနိုင်ရည်ရှိသောမျိုးများကို အသုံးပြုပါ။ | ✔ | ✔ | ✔ |
| မန်ကိုဇပ် (Mancozeb) | M 03 | P | | | ✔ | ✔ | ✔ |
| အဇိုဇီစထရိုဘင် (Azoxystrobin) | 11 | P + C | သီးနှံသက်တမ်းတလျှောက် အများဆုံး ၄ ကြိမ်သာ | | ✔ | ✔ | ✔ |
| ဘက်စီးလပ် ဆပ်တီးလစ် (Bacillus subtilis) | BM02 | P | | ✔ | | ✔ | ✔ |

*FRAC* ကိုအခြေခံထားသော ဆေးအုပ်စု(ဆေးပြုမှုဆောက်ရွက်ပုံ)၊ *P* = ကာကွယ်ဆေး(သီးနှံပင်ပေါ်၌ ရောဂါ လက္ခဏာမဖြစ်ပေါ် မီသာလျှင် အကျိုးသက်ရောက်မှုရှိသည်)၊ *C* = ကုသဆေး

1. 
အကာအကွယ်ပစ္စည်းများဝတ်ဆင်သုံးစွဲပါ။

2. 
ရာသီဥတုကောင်းမွန်သောအချိန်တွင် ဆေးဖျန်းပါ။

3. 
ကောင်းမွန်သောဆေးဖျန်းခေါင်းကို အသုံးပြုပါ။

4. 
ဆေးဖျန်းပြီးပါက ကောင်းမွန်စွာဆေးကြောပါ။

https://growhow.eastwestseed.com

*East West Seed Foundation* ၏ ၂၀၂၂ မူပိုင်ခွင့်။

စိုက်ပျိုးရေးသုံးဓာတုပိုးသတ်ဆေး အကြံပြုချက်များကို Wageningen University & Research နှင့်ပူးပေါင်း၍ လုပ်ဆောင်ပါသည်။

WAGENINGEN UNIVERSITY & RESEARCH